**ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများ ရက်ချိန်းရယူရန် လျှောက်ထားခြင်း (Online Booking System) ဝန်ဆောင်မှုရယူရန်အခြေခံလိုအပ်ချက်များ**

**"ခ" ယာဉ်မောင်းလိုင်စင်ရယူလိုသူများ-**

- အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
- ရန်ကုန်တိုင်းမှထုတ်ပေးထားသည့် "သ" ယာဉ်မောင်းလိုင်စင်(သို့မဟုတ်) "က" ယာဉ်မောင်းလိုင်စင် သက်တမ်း (၃)လ ပြည့်ပြီး သက်တမ်းရှိလိုင်စင်ဖြစ်ရမည်။
- ဦးစီးဌာနမှဖွင့်လှစ်သည့် ယာဉ်စည်းကမ်း/လမ်းစည်းကမ်းပညာပေးသင်တန်း တက်ရောက်ပြီးသူ(သို့မဟုတ်) ဦးစီးဌာနတွင်မှတ်ပုံတင်ထားသော ယာဉ်မောင်းသင်တန်းကျောင်းမှ တက်ရောက်ပြီးသည့် သင်တန်းဆင်း လက်မှတ် ပါရှိရမည်။

**"ဃ" ယာဉ်မောင်းလိုင်စင်ရယူလိုသူများ -**

- အသက်(၂၁)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
- ပြည်ထောင်စုမြန်မာနိုင်ငံသား(သို့မဟုတ်)ဧည့်နိုင်ငံသား(သို့မဟုတ်) နိုင်ငံသား ပြုခွင့်ရသူများဖြစ်ရမည်။
- ရန်ကုန်တိုင်းမှထုတ်ပေးထားသည့် "ခ" ယာဉ်မောင်းလိုင်စင် သက်တမ်း(၃)နှစ် ပြည့်ပြီး သက်တမ်းရှိလိုင်စင်ဖြစ်ရမည်။
- အခြားတိုင်းဒေသကြီး /ပြည်နယ်/ ခရိုင်ရုံးများ၏ "ခ"ယာဉ်မောင်းလိုင်စင်ဖြစ်ပါက ရန်ကုန်တိုင်းရုံးများတွင် နယ်ဝင် ဆောင်ရွက်ပြီး ရန်ကုန်တိုင်း လိုင်စင်ပြောင်းလဲရရှိ ပြီးဖြစ်ရမည်။

**"င" ယာဉ်မောင်းလိုင်စင်ရယူလိုသူများ -**

- အသက်(၂၃)နှစ် ပြည့်ပြီးသူဖြစ်ရမည်။
- ပြည်ထောင်စုမြန်မာနိုင်ငံသား(သို့မဟုတ်)ဧည့်နိုင်ငံသား(သို့မဟုတ်) နိုင်ငံသား ပြုခွင့်ရသူများဖြစ်ရမည်။
- ရန်ကုန်တိုင်းမှထုတ်ပေးထားသည့် “ဃ” ယာဉ်မောင်းလိုင်စင်သက်တမ်း (၂) နှစ် ပြည့်ပြီးသူ(သို့မဟုတ်) တစ်ဆက်တည်း “ခ” ယာဉ်မောင်းလိုင်စင် (၅) နှစ် ပြည့်ပြီးသူ (သို့မဟုတ်) “ခ” ယာဉ်မောင်းလိုင်စင် သက်တမ်းနှင့် “ဃ”ယာဉ် မောင်းလိုင်စင် သက်တမ်းစုစုပေါင်း တစ်ဆက်တည်း (၅)နှစ်ပြည့်ပြီးသူ၊ သက်တမ်းရှိယာဉ် မောင်းလိုင်စင်များဖြစ်ရမည်။
- အခြားတိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများ၏ "ခ"ယာဉ်မောင်းလိုင်စင် (သို့) "ဃ" ယာဉ်မောင်း လိုင်စင်ဖြစ်ပါက ရန်ကုန်တိုင်းအတွင်းရှိ ရုံးများတွင် နယ်ဝင် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းလိုင်စင်ပြောင်းလဲရရှိ ပြီးဖြစ်ရမည်။

**ဝန်ဆောင်ခ**

**ယာဉ်မောင်းစစ်ဆေးခ**

လိုင်စင်အသစ်အားလုံးအတွက် စစ်ဆေးခ(တစ်ကြိမ်လျှင်)၂၀၀၀ိ/-

**ယာဉ်ငှားရမ်းခ**

- "ခ"၊ "ဃ" တစ်ကြိမ်အတွက် ၅၀၀၀ိ/-
- "င" တစ်ကြိမ်အတွက် ၁၀၀၀၀ိ/-
- Simulator တစ်ကြိမ်အတွက် ၅၀၀၀ိ/-

Online Booking ရယူရန်အတွက် ဝန်ဆောင်ခမှာ အခမဲ့ ဖြစ်ပါသည်။

**လိုအပ်သောစာရွက်စာတမ်းများ**

**"ခ"လိုင်စင်ဖြေဆိုသူများ**

- သင်မောင်းလိုင်စင်(မူရင်း/မိတ္တူ)

- နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)
- ယာဉ်မောင်းသင်တန်းတက်ရောက်ပြီးသည့် သင်တန်းဆင်းလက်မှတ် (မူရင်း/မိတ္တူ)
- QR Code ပါသည့် Appointment Letter Printout စာရွက်(သို့)လက်ခံ ရရှိသည့် mail အထောက် အထား (phone or Tablet or Notebook) တစ်ခုခု ဖြင့်တင်ပြနိုင်သည်။

**"ဃ"လိုင်စင်ဖြေဆိုသူများ**

- "ခ"ယာဉ်မောင်းလိုင်စင်(မူရင်း/မိတ္တူ)
- နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)
- QR Code ပါသည့် Appointment Letter Printout စာရွက်(သို့)လက်ခံရရှိ သည့် mail အထောက်အထား(Phone or Tablet or Notebook) တစ်ခုခု ဖြင့်တင်ပြနိုင်သည်။

**"င "လိုင်စင်ဖြေဆိုသူများ**

- "ခ"(သို့)"ဃ"ယာဉ်မောင်းလိုင်စင်(မူရင်း/မိတ္တူ)
- နိုင်ငံသားစိစစ်ရေးကတ်(မူရင်း/မိတ္တူ)
- QR Code ပါသည့် Appointment Letter Printout စာရွက်(သို့) လက်ခံရရှိသည့် mail အထောက်အထား(phone or Tablet or Notebook) တစ်ခုခု ဖြင့်တင်ပြနိုင်သည်။

**လျှောက်ထားရန်အဆင့်များ**

အောက်ပါအချက်အလက်များကို Online Appointment Application Form တွင် ရွေးချယ် ဖြည့်စွက်ရန် -

(က) လာရောက်ဖြေဆိုမည့်ရုံးအမည်၊

(ခ) ရယူလိုသည့်လိုင်စင်အမျိုးအစား၊

(ဂ) လာရောက်ဖြေဆိုမည့်နေ့၊

(ဃ) လာရောက်ဖြေဆိုမည့်အချိန်၊

(င) လက်ရှိလိုင်စင်အမှတ်၊

(စ) လက်ရှိလိုင်စင်ထုတ်ပေးထားသည့်ရုံး၊

**Online Booking ရယူရန်အတွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများ ရက်ချိန်းရယူရန် လျှောက်လွှာပုံစံ တွင် ဖြည့်စွက်၍ Booking ရယူနိုင်ပါသည်။

**ဆက်သွယ်ရမည့်လိပ်စာ**

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ သံသုမာလမ်းနှင့်မြင်သာလမ်းထောင့်၊ သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့။

Online Booking လျှောက်ထားမှုတွင် အဆင်မပြေမှုများနှင့် သိရှိလိုသည်များရှိပါက

**ရန်ကုန်ရုံး**

ဖုန်း - 09 781 425 403, 09 974885896, 09 254 513 042 များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Website လိပ်စာ**

https://www.rtad.gov.mm/

**ဖြည့်စွက်ချက်**

- ယာဉ်မောင်းလိုင်စင်ရယူလိုသူများ များပြားလာသဖြင့် လိုင်စင်ဖြေဆိုလိုသူများအနေဖြင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊

- အချိန်ကုန်၊ လူပင်ပန်း၊ စိတ်ပင်ပန်းခြင်း အဆိုပါအခက်အခဲများ လျော့နည်းသွားစေရန်အတွက် လူကိုယ်တိုင်လာရောက်ရန် မလိုအပ်သော (Online Booking System) ကို ပြောင်းလဲ ကျင့်သုံးခြင်း ဖြစ်ပါသည်။

  အောက်ဖော်ပြပါ link များတွင် ပိုမိုဖတ်ရှုလေ့လာနိုင်ပါသည်။

  https://www.motc.gov.mm/my/all-services

  https://www.rtad.gov.mm/